# ကုမ္ပဏီအုပ်စု၏ ခရီးသွားလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုများအားပြင်ဆင်ဖွဲ့စည်းခြင်း

ဖတ်(စ်)မြန်မာအင်ဗက်(စ်)မဲ့(န်)ကုမ္ပဏီလီမိတက် ("ကုမ္ပဏီ" နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီများစုပေါင်း၍ "ကုမ္ပဏီအုပ်စု") ဒါရိုက်တာအဖွဲ့သည် FMI ကုမ္ပဏီမှ ၃၀% ပိုင်ဆိုင်သည့် Associate ကုမ္ပဏီဖြစ်သည့် Chindwin Holdings Pte Ltd. (CHPL) အနေနှင့် Balloons Over Bagan (BOB) မိုးပျံဘောလုံးလုပ်ငန်းနှင့် ၎င်း၏ဆက်စပ်သည့် ခရီးသွားလုပ်ငန်းများတွင် ကျန်ရှိသည့် ပိုင်ဆိုင်မှုအစုရှယ်ယာများအား ဝယ်ယူခဲ့ပြီးဖြစ်ကြောင်း အစုရှယ်ယာရှင်များသို့ အသိပေးအပ်ပါသည်။ BOB လုပ်ငန်းသည် မြန်မာနိုင်ငံရှိ ကျွမ်းကျင်မှုရှိခရီးသွားလုပ်ငန်းတစ်ခုဖြစ်ပြီး FMI ကုမ္ပဏီက တိုးချဲ့ဆောင်ရွက်လျက်ရှိသော ခရီးသွားလုပ်ငန်းကဏ္ဍ သစ်တွင် အရေးပါသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။

CHPL သည် BOB ၏ ပိုင်ဆိုင်မှု ၇၅% ကို ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် ဝယ်ယူခဲ့ပြီး ကျန် ၂၅% ကို မူလရှယ်ယာရှင်များက ပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ CHPL သည် အဆိုပါကျန်ရှိသော ရှယ်ယာ ၂၅% ကို မူလရှယ်ယာရှင်များထံမှ ဝယ်ယူခဲ့ပြီးဖြစ်ရာ BOB အား ရာနှုန်းပြည့် ပိုင်ဆိုင်သွားပြီ ဖြစ်ပါသည်။ အဆိုပါ ဝယ်ယူခြင်းကို CHPL ၏ မတည်ရင်းနှီးငွေများဖြင့် ထည့်ဝင် ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။

အထက်ပါအတိုင်း ဝယ်ယူပြီးသည့်နောက် FMI ကုမ္ပဏီ၏ BOB ၌ အသားတင်ပိုင်ဆိုင်မှုမှာ ၂၂.၅% မှ ၃၀% သို့ တိုးမြှင့်လာခဲ့ ပါသည်။ BOB ၏ ကျန် ၇၀% ကို FMI ကုမ္ပဏီအုပ်စု၏ အကျိုးတူဖက်စပ် ကုမ္ပဏီတစ်ခုဖြစ်သည့် Yoma Strategic Holdings Ltd. (YSH) မှ ပိုင်ဆိုင်ပါသည်။

ဤရှယ်ယာဝယ်ယူမှုနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက အောက်ဖော်ပြပါ ဝက်ဘ်ဆိုက်ရှိ YSH မှ ထုတ်ပြန်သည့် ကြေညာချက် အား ကြည့်ရှုရန်ဖြစ်ပါသည်။

http://infopub.sgx.com/FileOpen/TourismAcquisitionSept2016.ashx?App=Announcement&FileID=420148

ဒါရိုက်တာအဖွဲ့အမိန့်အရ

ထွန်းထွန်း
အလုပ်အမှုဆောင်ဒါရိုက်တာ
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်။

**FIRST MYANMAR INVESTMENT CO., LTD.**
YSX Code 00001
FMI Centre, 10th Floor
380 Bogyoke Aung San Road
Yangon, Myanmar
Tel: (01) 240363
www.fmi.com.mm